## အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအင်အားစုများထံသို့ ပန်ကြားချက်
## ၂၀၀၈ခုနှစ်၊ ဇူလိုင်(၁၂)ရက်

၁။ နအဖစစ်အစိုးရသည် ၎င်းတို့တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံမူကြမ်းအတည်ပြုရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ(၁၀)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်ပြီဖြစ်ပေသည်။

၂။ အပစ်အခတ်ရပ်စဲရေးအင်အားစုများသည် ညောင်နှစ်ပင်ညီလာခံတွင် နိုင်ငံရေးအရသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိကိုယ်စားပြုရာ လူမျိုးအလိုက်သော်လည်းကောင်း ကိုယ်စားပြု၍ မိမိတို့လိုလားသည့် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် လိုအပ်သော အခြေခံမူများကို မချမှတ်နိုင်ခဲ့ကြဘဲ (နအဖ) စစ်အစိုးရ စိတ်ကြိုက်သာ အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ချမှတ်ခဲ့ရသည်ကို အပစ်အခတ်ရပ်စဲရေး အင်အားစုများနှင့်ထပ်တူ မိမိတို့ နားလည်သိမြင်ခဲ့ ပြီး ဖြစ်ပေသည်။

၃။ ယခုထိသို့ (နအဖ)စစ်အစိုးရစိတ်ကြိုက် တဖက်သတ်ချမှတ်ခဲ့ကြသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများဖြင့် "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈) "ဆိုသည့်ကို (၅၄) ဦးကော်မရှင်က အတည်ပြုခဲ့ကြပြီး လာမည့် မေလ(၁၀)ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရန် (နအဖ) စစ်အစိုးရက ဘက်ပေါင်းစုံက ပြင်ဆင်နေသည်ကိုလည်း အပစ်အခတ်ရပ်စဲရေးအင်အားစုများ သိမြင်ပြီးဖြစ်သည်ဟု မိမိတို့ ယုံကြည်ပါသည်။

၄။ ဤသို့သောအခြေအနေအောက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ လူမျိုးပေါင်းစုံပြည်သူများက (နအဖ) စစ်အစိုးရ ချပြလာမည့် ဖွဲ့စည်းပုံဥပဒေမူကြမ်း(၂၀၀၈)ကို ကန့်ကွက်မဲပေး၍ ဆန့်ကျင်ပယ်ချသွားနိုင်ရန် အရေးတကြီးလိုအပ်ပါသည်။ ဤအခြေခံဥပဒေ မူကြမ်း (၂၀၀၈)ကို (နအဖ) စစ်အစိုးရ အလိုကျအတည်ပြုလိုက်နိုင်လျှင် တရားမဝင်သော စစ်အာဏာရှင်စနစ်နှင့် စစ်အစိုးရကို တရားဝင်ဖြစ်ကြောင်း ဆက်လက်လိမ်လည်လှည့်စားရန် ပံ့ပိုးကူညီလိုက်သကဲ့သို့ ဖြစ်ပေလိမ့်မည်။

၅။ ယင်းသို့ စစ်အစိုးရသည် တရားဝင်ဖြစ်သွားပြီဟု ကိုယ့်ကိုယ်ကို ခံယူသည်နှင့်တပြိုင်နက် ပထမဦးစွာ အပစ်အခတ်ရပ်စဲထားသည့် အင်အားစုများ အနှစ်နှစ်အလလ ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည့် တပ်မတော်များ၊ လက်နက်များကို ဖျက်သိမ်း၍ (နအဖ)မှ အကြွင်းမဲ့ လက်နက်ချကြရန် တောင်းဆိုမည်ဖြစ်ကြောင်းလည်း အပစ်အခတ်ရပ်စဲရေးအင်အားစုများ သိရှိနားလည်ပြီး ဖြစ်ကြပါသည်။ အကြွင်းမဲ့ လက်နက်ချလိုက်ရသည့် ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်သည် မိမိကိုယ်စားပြုရာ လူမျိုး၏ သစ္စာကို ဖောက်ဖျက်ကျူးလွန်လိုက်သည့် သမိုင်းမှတ်တမ်း အတင်ခံရမည်သာဖြစ်သည်။

၆။ အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံမဲပေးရန် (နအဖ)စစ်ဗိုလ်ချုပ်များက လက်သိပ်ထိုးစည်းရုံးနေသည်ကိုလည်း ကြားသိနေရပါသည်။ အပစ်ရပ် တိုင်းရင်းသားအဖွဲ့အစည်းကြီးတစ်ခုက 'ကြားနေကြရန် တပ်တွင်းအမိန့်' ထုတ်ပြန်ထားသည်ဟုလည်း ကြားသိရပါသည်။ ယင်းသို့ 'ကြားနေ'ကြမည်ဆိုလျှင် (နအဖ)စစ်အစိုးရ စိတ်ကြိုက်ဖြစ်ပါလိမ့်မည်။

၇။ သို့ပါ၍ အပစ်အခတ်ရပ်စဲထားသည့် အင်အားစုများအနေဖြင့် မိမိတို့ကိုယ်စားပြု၍၊ မိမိတို့စိုးမိုးထားရာ လူမျိုး၊ နယ်ပယ်၊ ဒေသများတွင် သက်ဆိုင်ရာ လူမျိုးစုံပြည်သူများအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် 'မဲရုံသို့သွား၍ ကန့်ကွက်မဲပေးကြရန်' နိုင်ငံတ၏ အနာဂတ်အရေးကို မျှော်တွေး၍ ဆော်သြရေးဆောင်သင့်ပါကြောင်း တိုက်တွန်းအကြံပြုအပ်ပါသည်။

– စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြ
– မဲရုံကို သွားကြ၊ ကန့်ကွက်မဲပေးကြ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)
၂။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွှန့်ပေါင်းအစိုးရ (NCGUB)
၃။ တိုင်းရင်းသားလူမျိုးများကောင်စီ (မြန်မာနိုင်ငံ) (ENC)
၄။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)
၅။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)
၆။ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)
၇။ တိုင်းရင်းသားလူငယ်များဆုံရပ် (NY Forum)


ဆက်သွယ်ရန်။ ။ ဦးမြင့်သိဏ်း – ဖုန်း–(၆၆) ၀၈၇ ၈၀၈ ၃၅၅၂
ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင် – ဖုန်း–(၆၆) ၀၈၁ ၀၂၉ ၆၁၀၀
ဦးအောင်မိုးဇော် – ဖုန်း–(၆၆) ၀၈၄၄ ၉၀၈ ၂၃၇
မိဆူးပွင့် – ဖုန်း –(၆၆) ၀၈၁ ၈၈၄ ၅၅၆၂